# ကန်သာယာကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၅- ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်သာယာကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

## ကန်သာယာကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

## ၂၀၂၆ခုနှစ်၊ဖေဖော်ဝါရီလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ကန်သာယာကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendar၊ အဖွဲ့အစည်းချိတ်ဆက် မှုပြပုံ၊ ဥစ္စာစနေအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၁ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၂ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁ |
| ၆။ | **ပညာရေး** | ၁၂ |

| | | |
|---|---|---|
| **၇။** | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | **၁၃** |
| **၈။** | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၁၄** |
| **၉။** | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | **၁၄** |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | **၁၆** |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၇** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၁၈** |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၀ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၇၆** |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၇၈** |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၈၀** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ၂၀၂၇/၂၀၂၈ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**ဖေဖော်ဝါရီလ၊၂၀၂၆** **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကန်သာယာကျေးရွာ**

**မြိတ်မြို့နယ်**

# ကန်သာယာကျေးရွာသယံဇာတပြမြေပုံ



## Seasonal Calendar



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၄ | ၆၇ | ၈၉ | ၁၄ |

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

**ကန်သာယာကျေးရွာ**သည် မြိတ်မြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး၊ အရှေ့ဘက်တွင် ပသောင်းကျေးရွာအုပ်စု၊ အနောက်ဘက်တွင်ပြင်းငယ်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် မင်းသန်းကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက် ရှိပါသည်။ ကန်သာယာကျေးရွာသည် မြောက်လတ္တီကျူ ၁၂ဒီဂရီ၂၃မိနစ်၄၀စက္ကန့်နှင့်၉၈ဒီဂရီ၄၅ မိနစ်၂၄စက္ကန့်အကြားတွင် တည်ရှိပါသည်။ ကန်သာယာကျေးရွာသည် ပထဝီဝင်အနေအထား အရ မြေပြန့်ဧရိယာပေါ်များပြီး၊ တောင်ကုန်း၊တောင်တန်းများလည်း ရှိသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကန်သာယာကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတု ကျရောက်သည့်ဒေသအတွင်းတည်ရှိပါသည်။ အမြင့်ဆုံးအပူချိန် (၄၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၆) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှာ ကညင်ပင်၊ ပိတောက်၊ သပြေပင်၊ သစ်ယား၊ တကူစသည့်အခြားသစ်ပင်များစွာ ရှိပါသည်။ အခြားသောသတ္တု၊ ကျောက်မျက်၊ခဲစသည့်သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ သဘာဂအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

**ကန်သာယာကျေးရွာ**တွင်အိမ်ထောင်စု (၂၀၄) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၁၀၂၆) ဦး ရှိပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အမျိုးသမီးအဖွဲ့ စသည်ဖြင့် အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက် ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကန်သာယာကျေးရွာ**တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှ လူမှုကူညီရေးအဖွဲ့များအနေဖြင့် ငွေကြေးကဏ္ဍအတွက် ဆောင်ရွက်ပေးနေသည့်အဖွဲ့အစ**ည်း**သာ ရှိပါသည်။ပြည်တွင်း/ ပြည်ပကူညီရေးအဖွဲ့များအားသက်ဆိုင်ရာကဏ္ဍအလိုက်ချိတ်ဆက်ရန်လိုအပ်နေပါသည်။

**၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

**ကန်သာယာကျေးရွာ**တွင် လယ်မြေ **(၃၆၆)**ကေ၊ တောင်ယာမြေ(၁၃)ကေ၊ ဥယျာဉ်ခြံမြေ **(၂၂၄)**ကေ၊ **ဓနိတောမြေ**(၃၅.၅)**ကေ၊ စားကျက်မြေ**(၅၄)**ကေ** စုစုပေါင်း **(၆၇၂.၅)**ကေရှိပါသည်။။ စိုက်ပျိုးမြေ ပိုင်ဆိုင်သည့်အိမ်ထောင်စု**(၁၂၀)** အိမ်ရှိပါသည်။ ကျေးရွာတစ်ရွာလုံး စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးပါသည်။ တောင်သူငယ်**(၃၃)အိမ်ထောင်၊ တောင်သူလတ်**(၃၇) **အိမ်ထောင်နှင့် ဆင်းရဲသား တောင်သူ**(၃၀)**အိမ်ထောင်ရှိပြီး တောင်သူကြီး**(၂၀)**ဦးသာရှိပါသည်။**

**ကန်သာယာကျေးရွာ**တွင်အဓိကစိုက်ပျိုးသည့်သီးနှံမှာစပါးဖြစ်ပြီး ရော်ဘာ၊ ကွမ်းသီး၊ အုန်းသီးနှင့် ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ **(၄၀)**တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိလယ်သမားများတွင်တစ်ဦးချင်းပိုင် ထွန်စက် (၉)လုံး၊ **လက်တွန်းထွန်စက်**(**၃၈**)**လုံး၊ခြွေလှေ့စက်**(၂)**လုံးနှင့် ရေစုပ်စက်(၂)လုံး၊** မြက်ရိတ်စက် **(၁၀)**လုံးရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ **ပိုင်ဆိုင်သူများလည်းရှိပါသည်။ စက်ကိရိယာများ ကို ငှားရမ်းလုပ်ကိုင် သည့် တောင်သူ(၂)ဦးရှိပါသည်။**

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာသုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကိုစိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများလက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးမှုများကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင်မြေဆွေး၊

အော်ဂဲနစ်များထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကိုမသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲတစ်ရပ်ဖြစ်နေပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

ကန်သာယာကျေးရွာတွင် ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၁၇၀) အိမ်ရှိပြီး ကြက်ကောင်ရေ (၂၂၂၄)ကောင်၊ နွားမွေးမြူသည့်အိမ်ထောင်စု(၂၇)အိမ်ရှိပြီး နွားကောင်ရေ (၁၅၆)ကောင်၊ နို့စားနွားမွေးမြူသည့်အိမ်ထောင်စု(၅)အိမ်ရှိပြီး နွားကောင်ရေ (၂၁)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၅၆)အိမ်ရှိပြီး ဝက်ကောင်ရေ(၃၃၁)ကောင်၊ ဘဲမွေးမြူသည့်အိမ်ထောင်စု(၂၈)အိမ်ရှိပြီး ဘဲကောင်ရေ (၂၄၂)ကောင်၊ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ **ကမ်းလွန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၃)စုရှိပါသည်။** မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသည့်အတွက် ကျေးရွာသည်မြို့နှင့်အလှမ်းဝေးပြီး မွေး/ကုဦးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီ လာရောက်ကုသနိုင်ခြင်း မရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နည်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့် မျိုးကောင်းမျိုးသန့်များ ချိတ်ဆက်ဝယ်ယူရန် လိုအပ်လျက်ရှိပါသည်။

ကန်သာယာကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင်ခြင်းနှင့် သွင်းအားစု များဝယ်ယူနိုင်ခြင်များရှိပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် အတွက် စီးပွားဖြစ်မွေးမြူရေးနှင့်သားငါးထုတ်လုပ်မည်ဆိုပါက အဆင်ပြေသည့်ကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင်နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စုများလာနိုင်သည့် အတွက် ငါးမွေးမြူရေးနှင့်သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များရရှိအောင် ဆောင်ရွက် ပေးရန် လိုအပ်လျက်ရှိပါသည်။ ငါးမွေးမြူရေးနှင့်ငါးဖမ်းဆီးခြင်းမှ ထုတ်ကုန်များရောင်းချရမှု လွယ်ကူခြင်း၊ ငါးဖမ်းခွင့်အသင့်အတင့်ကောင်းမွန်ခြင်းစသည်တို့ရှိပါသည်။

ကန်သာယာကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာ မွေးမြူရေးနှင့်ပတ်သက်သည့်အတွေ့အကြုံ၊ နည်းပညာ မရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန်အတွက် အဆက်အသွယ်မရှိခြင်း၊

သောက်သုံးရေ ရှားပါးခြင်းစသည်တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင် နည်းပညာပေး သင်တန်းနှင့် မျိုးကောင်းမျိုးသန့်ဝယ်ယူရန်ချိတ်ဆက်ပေးရန်လိုအပ်လျက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**ကန်သာယာကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပါသည်။ လုပ်သားအင်အားရရှိနိုင်မှု အသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာရှိ ရောင်းဝယ် ဖောက်ကားနေသူများတွင် ဈေးကွက်ဆိုင်ရာအသိအမြင် အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်း ရရှိနိုင်မှုအခြေအနေအသင့်အတင့်နှင့် ကျေးရွာနှင့်မြို့သို့ လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

**ကန်သာယာကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင်နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင် သည့်အတွက် လုပ်သားအင်အားအသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာ လည်းဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် သွားလာရ အဆင်ပြေ သော်လည်း မိုးရာသီတွင်မြေသားလမ်းများဖြစ်သည့်အတွက်သွားလာရခက်ခဲခြင်းစသည်တို့ ဖြစ်ပါသည်။ ကျေးရွာတွင် **(၂၀%)** အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ်နေရေးအတွက် ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကာလရှည်ချေးငွေများ ဆောင်ရွက် ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့်အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့် မိသားစုများအတွက် ပညာသင်ယူနိုင်သည့်အခွင့်အလမ်းနည်းပါးလှပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ငါး၊ ပုစွန်၊ ငပိ၊ ငါးခြောက်နှင့်ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်သွားလာရ

မဝေးသည့်ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

**ကန်သာယာကျေးရွာ**တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတိုချေးငွေများသာရရှိပါသည်။ အချို့တောင်သူများမှာပုံစံ (၇) ရရန်အခက်အခဲများ ရှိသည့်အတွက်ချေးငွေမရယူသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင် ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေး၍မရသည်များ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့် အတွက်ချေးငွေ ပြန်ဆပ်ချိန်တွင်အချိန်မီပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည် ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင်ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

## ၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကန်သာယာကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၁၆၀) စီး၊ သုံးဘီးဆိုင်ကယ် (၄) စီး၊ စက်လှေ(၂၇)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီး၊ ကား(၁၂)စီး၊ ထော်လာဂျီ(၈)စီးနှင့် စက်ဘီး(၉)စီးကိုသာ အဓိကထားအသုံးပြုကြပါသည်။ ရေကြောင်း လမ်းအတွက် စက်လှေကိုအဓိကထားအသုံးပြုကြပါသည်။

**ကန်သာယာကျေးရွာ**တွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများဖြစ်ပေါ်နေပါသည်။ **ကျေးရွာပတ်လမ်းများလည်း** ပျက်စီး နေပါသည်။ထို့ကြောင့်ကျေးရွာရှိလမ်းများကောင်းမွန်စေရန်အတွက်ပြုပြင်ဆောင်ရွက်လိုကြ ပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

**ကန်သာယာကျေးရွာ**တွင် အိမ်ထောင်စုအားလုံးသည် ဒီဇယ်အင်ဂျင်ဖြင့် **(၂၄)နာရီ မီးလင်းမှုရရှိပါသည်။** ကျေးရွာ**တစ်ရွာလုံးကျွတ်** လျှပ်စစ်မီးရရှိလျက်ရှိသည့်အတွက် ကျေးရွာအတွင်းကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှု

ပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့်အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

**ကန်သာယာကျေးရွာ**တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း **(၃၆၈)** လုံး၊ တီဗွီ **(၁၁၈)**လုံး၊ ဂြိုလ်တုစလောင်း **(၁၁၈)** လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည်ဖုန်းကိုစနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ သို့ရာတွင် ကျေးရွာတစ်ရွာလုံး ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ မိသည့်အတွက် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိရပါသည်။

**၆။ပညာရေး**

**ကန်သာယာကျေးရွာတွင် စာမတတ်သူ**(၀.၅%)**ရှိပါသည်။ စာမတတ်သူများမှာ အသက် (၆၀)ကျော်အရွယ်များ ဖြစ်ကြပါသည်။ မူလတန်းအဆင့်စာတတ်မြောက်မှုသည် စုစုပေါင်း လူဦးရေ၏(၃၆)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည်** (၃၃) **ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုသည်** (၁၈) **ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုသည်** (၁၃)**ရာခိုင်နှုန်းရှိပါသည်။** သို့သော် အထက်တန်းပညာရေး ပြီးဆုံးနှုန်း နှင့်တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ (၅)ရာခိုင်နှုန်းကွာသည့်အတွက် အထက်တန်းပညာ ပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပါသည်။

**ကန်သာယာကျေးရွာ**တွင် ယခုလက်ရှိပညာသင်ကြားနေသော လူဦးရေမှာ မူလတန်းအဆင့်တွင် **(၁၂၆)**ဦး၊ အလယ်တန်းအဆင့်တွင် **(၄၁)**ဦး၊ အထက်တန်းအဆင့်တွင် **(၁၇)**ဦး၊ တက္ကသိုလ်အဆင့်တွင် **(၄၀)**ဦးဖြင့် ပညာသင်ယူနေကြပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများသည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ် နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

ကန်သာယာကျေးရွာတွင် မူလတန်း စာသင်ကျောင်းဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာမ(၆)ဦးရှိပါသည်။ ကျောင်းသားဦးရေ (၁၀၀) ကျော်ရှိပြီး စာသင်ကျောင်းဧရိယာသည် ၄၁၃၈၂ စပေရှိပါသည်။ စာသင်ကျောင်းတွင်ခြံစည်းရိုး၊

စက်ရေတွင်း၊ အားကစားကွင်းလည်းရှိ၍ အာဟာရ တိုက်ကျွေးခြင်း (၁လ၂ကြိမ်)ရှိ ပါသည်။ စာသင်ကျောင်းသည် ကျေးရွာနှင့်နီးသောကြောင့် ကျောင်းသား/သူများခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်နှင့်သွားလာကြပါသည်။ ကျောင်းသား/ ကျောင်းသူဦးရေများသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းထားခြင်းရှိပြီး ကျောင်းမတက်နိုင်သူများကို ကျေးရွာမှကျောင်းထားပေးသည့် အစီအစဉ်လည်းရှိပါသည်။ ထို့အပြင်ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်းလိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်း ဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကန်သာယာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ကျေးလက်ကျန်းမာရေးဌာနသည် အုပ်စုကျေးရွာဖြစ်သည့် အင်္ဂမော်ရွာတွင်ရှိသည့်အတွက် ကျေးရွာသူ/သား များအတွက် ကျန်းမာရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်လျှင် အဆင်ပြေလှပါသည်။ ရောဂါပြင်းထန်မှသာ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်ပေး လျက်ရှိပါသည်။ ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

**ကန်သာယာကျေးရွာတွင်ရေတွင်း(၂)တွင်းရှိပြီး၊ အဝိစိတွင်း(၂၂)တွင်း ရှိပါသည်။ ရေတွင်းများသည် ရေထွက်ကောင်းသည့်အတွက် ကျေးရွာတစ်ရွာလုံး သောက်သုံးရေ ဖူလုံပါသည်။** အိမ်ထောင်စုအားလုံးသည် ရေတွင်း**နှင့်အဝိစိတွင်း**ကိုသာ အဓိက အသုံးပြု ကြသည့်အိမ်ထောင်စုများဖြစ်ပါသည်။ ကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု**များ ပါသည်။**

**၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ကန်သာယာကျေးရွာ**တွင်ယခုလက်ရှိအချိန်အထိသဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်း

များလည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများကောင်းကျိုး၊ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ**

ကန်သာယာကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက်များပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့်လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင်အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၇၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသောလုပ်အားခများကအမျိုးသမီးများ၏စိတ်ဓာတ်အရည်အသွေးကိုလျော့ကျစေပါသည်။ အမျိုးသမီးများ၏စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့်ပညာပေးသင်တန်းများ၊ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - အင်္ဂမော် | | | ကျေးရွာအမည် - ကန်သာယာ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ပညာရေး | စာသင်ကျောင်းဆောင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | စာသင်ကျောင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၁၃၀') | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | အမှိုက်ကန်လမ်း၊ဂဝံလမ်းခင်းခြင်း(၁၁၀၀') | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ကျေးရွာခန်းမအဝင်လမ်း ကွန်ကရစ်ခင်းခြင်း(၂၅၀၀') | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ကျေးရွာပတ်လမ်းကွန်ကရစ်ခင်းခြင်း(၃၇၄၀') | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက်<br>လမ်းတံတား | ကျေးရွာခန်းမအဝင်လမ်းပေါ်ရှိ box culvert (၁)စင်းတည်ဆောက်ခြင်း | |

နောက်ဆက်တွဲ (၁)

## ကန်သာယာကျေးရွာ၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ငွေးမူ | ဦးထွန်းဟန် | ၆/မအရ(နိုင်)၀၅၃၁၅၇ | ၆၂ | ဥက္ကဌ | ၀၉၄၅၁၂၇၉၂၆၂ |
| ၂ | ဦးယုရှိန် | ဦးကျော် | ၆/မအရ(နိုင်)၀၅၃၃၂၇ | ၆၃ | အတွင်းရေးမှူး | - |
| ၃ | ဦးမောင်ဝင်း | ဦးလှမောင် | ၆/မအရ(နိုင်)၀၅၃၃၄၅ | ၇၀ | ဘဏ္ဍာရေးမှူး | ၀၉၄၀၆၀၇၂၀၈၁ |
| ၄ | ဦးစိုးငွေး | ဦးလှတင် | ၆/မအရ(နိုင်)၁၀၂၀၈၁ | ၄၀ | စာရင်းကိုင် | ၀၉၆၆၉၇၆၈၁၁၁ |
| ၅ | ဒေါ်နွဲ့ဝင်း | ဦးပေါ | ၆/မအရ(နိုင်)၀၈၄၈၄၇ | ၅၂ | အဖွဲ့ဝင် | ၀၉၂၅၆၆၇၄၉၅၉ |
| ၆ | ဦးကျော်သူဇင် | ဦးဂေါင်းလုံး | ၆/မအရ(နိုင်)၀၇၀၀၉၅ | ၅၃ | အဖွဲ့ဝင် | ၀၉၂၅၂၈၈၉၉၄၅ |
| ၇ | ဒေါ်စန်းငွေး | ဦးလှတင် | ၆/မမန(နိုင်)၁၆၈၆၄၉ | ၃၄ | အဖွဲ့ဝင် | ၀၉၄၂၆၃၅၃၁၄၅ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၈ | ၂၃ | ၅၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၃၉ | ၇၀ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၃၄ | ၇၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၇၈ | ၃၉၂ | ၇၇၀ | ၂ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၃၂ | ၅၈ | ၁ | |
| **စုစုပေါင်း** | | **၅၀၂** | **၅၂၄** | **၁၀၂၆** | **၃** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၄** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကန်သာယာကျေးရွာတွင်အိမ်ထောင်စုပေါင်း **(၂၀၄)** အိမ်ရှိပြီးလူဦးရေပေါင်း **(၁၀၂၆)**ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁%)၊ ၅နှစ်အောက်ကလေးအရွယ်(၅%) **၊ မူလတန်းကျောင်းသားအရွယ်(၇%)၊ အလယ်တန်းကျောင်းသားအရွယ်(၇%)၊** ၊ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၂၅%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၃၇၈)ဦး၊မ(၃၉၂)ဦးစုစုပေါင်း(၇၇၀)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၅%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် **(၅)**ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းနှင့်အတူတူပင်ဖြစ်ပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်အိမ်ထောင်စုစာရင်းမရရှိသေးသည့် အိမ်ထောင်စုများလည်းရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃၉)စုနှင့် မသန်စွမ်းသည့်ကျား(၃)ဦးနှင့် မ(၁)ဦးရှိပါသည်။

(ခ)    အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧ ချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၇ | ၇၀ | ၆ | ၆၁ | ၉ | ၃၄ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၄ | ၇၅ | ၁၀ | ၆၅ | ၁၀ | ၂၇ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | ၂၄ | ၁၁ | ၃ | ၂၀ | ၃၉ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၄ | | ၄ | | ၇ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | | ၃ | | ၄ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၅ | ၆ | ၂ | ၁၃ | ၁၇ | မြင့် ☐ လတ်☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | ၃ | | ၂ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချောစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၇၆ | ၁၀၇ | ၆ | ၈၇ | ၂၀ | ၃၆ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ...** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကန်သာယာကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းများအားအဓိကထားလုပ်ကိုင်သောအိမ်ထောင်စု(၃၇)စုနှင့်လုပ်သားအဖြစ်လုပ်ကိုင်သောအိမ်ထောင်စု(၅၄)စုရှိပြီး၊ ရေလုပ်ငန်းကိုကိုယ်ပိုင်လုပ်ကိုင်သည့်အိမ်ထောင်စု(၃)စု၊မွေးမြူရေးကိုလုပ်ကိုင်သည့်အိမ်ထောင်စု(၁၇)စုရှိပါသည်။ ထို့ကြောင့် ကန်သာယာကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဝင်ငွေရအလုပ်အကိုင်အဖြစ် အားထားလုပ်ကိုင်ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ လယ်ယာထွက်ကုန်နှင့်ရေလုပ်ငန်းထွက်ကုန်များအားရောင်းဝယ်ဖောက်ကားကြသည့်အိမ်ထောင်စုမှာ (၁၂) အိမ်ထောင်စုနှင့် ပညာရေးဝန်ထမ်းအဖြစ်လုပ်ကိုင်သည့် ဝန်ထမ်းများလည်းရှိပါသည်။ အခြားရွာများနည်းတူ ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည့်အိမ်ထောင်စု (၇၆) စုရှိပါသည်။ ကျေးရွာသည်ဝင်ငွေရလုပ်ငန်းအမျိုးအစားများသည့် အတွက် စီးပွားရေးအရအဆင်ပြေသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | - | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ကန်သာယာကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ် **လယ်ယာစိုက်ပျိုးရေး**လုပ်ငန်း**တွင်လုပ်ကိုင် သူ အမျိုးသား(၈၀၀၀မှ၇၀၀၀)၊ အမျိုးသမီး(၆၀၀၀,၅၀၀၀)ကျပ်ရရှိပါသည်။** ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင် အမျိုးသား(၂၀,၀၀၀မှ**၁**,၀၀၀)ကျပ်ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၆၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၂၄ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | **၃၅.၅** | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စားကျက်မြေ | **၅၄** | ကောင်း ☐ သင့်☐ ညံ့ ☑ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၆၉၂.၅** | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကန်သာယာကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာဆန်စပါးဖြစ်ပြီး ကွမ်းသီးနှင့်ရာဘာကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးသည်အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ ကွမ်းသီးနှင့်ရာသီစာသီးနှံ (ဆောင်းသီးနှံ)များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ကျေးရွာပိုင်စားကျက်မြေ (၅၄)ဧကရှိပါသည်။ ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် နည်းပညာပေးသင်တန်းများ**

**ပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန်လိုအပ်နေပါသည်။**

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သစ်တော -** | များ ☐ သင့်☐ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **အပူပိုင်းသစ်တော** | မရှိ ☑ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကန်သာယာကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ၊ မြေအောက်ရေထွက်ရှိမှုနှင့် မြေပေါ်ရေထွက်ရှိမှုများသည် ကျေးရွာတွင် အသင့်တင့်ထွက်ရှိပြီးမလုံလောက်သည့်အချိန်တွင်အခြားကျေးရွာများမှဝယ်ယူအသုံးပြုကြပါသည်။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေးလုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၃၄ | ၆၇ | ၈၉ | ၁၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကန်သာယာကျေးရွာတွင် အိမ်ထောင်စုအများစုသည် ပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်ဆန်စပါးနှင့် ရာဘာကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့် လုပ်အားအလှူဖြင့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၃၁ | ၁၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၃၁___<br>လုပ်အားခကြိုယူ = ______ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဉစ္စာမနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။ကန်သာယာကျေးရွာ**တွင် ဝမ်းစာဖူလုံမှုအနေဖြင့် အိမ်ထောင်စု**(၃၁)**စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရချေးငွေ**ယူသည့် အိမ်ထောင်စု**(၃၁)**စုရှိပါသည်။ ထိုအိမ်ထောင်စု**(၃၁)**စုထဲတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု**(၁၂)**စုပါဝင်ပါသည်။**

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကန်သာယာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ။ အခြားဒေသသို့အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း မရှိပါ။ သို့ရာတွင် ကျေးရွာတွင်မသန်စွမ်းသည့် အမျိုးသား(၃)ဦးနှင့် အမျိုးသမီး(၁)ဦးရှိပါသည်။**

(င-၃)  ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျင် | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✓ | | ✓ | | |
| ၁၀ | အအေးလှိုင်း | | ✓ | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | ✓ | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ ေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကန်သာယာကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရစိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှုနှင့် အအေးလွန်ကဲခြင်းများရုံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ အနေဖြင့်သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)၊ မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများဖြစ်ပေါ်လျက်ရှိသည့်နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချရန်လိုအပ်လျက်ရှိပါသည်။

(င–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကန်သာယာကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၂)စု၊ ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်လက်စား ကျပန်းလုပ်သားများဖြစ်ပါသည်။ ထိုအိမ်ထောင်စုများအတွက်ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က–၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁☐၂☑၃☐ | ၇ | ၀ | ၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | နာရေးကူညီမှုအသင်း | ၁☐၂☑၃☐ | ၁၂ | ၇ | ၁၉ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
